Australian Government

Job Services Australia™
people • skills • jobs

# လုပ်ငန်းခွင် အတွေ့အကြုံ - ထောက်ပံ့ကြေးရရန် အလုပ်လုပ်ပေးရခြင်း အစီအစဉ်

ထောက်ပံ့ကြေးရရန် အလုပ်လုပ်ပေးရခြင်း အစီအစဉ် (Work for the Dole) သည် ဩစတြေးလျား နိုင်ငံတဝှမ်း ဒေသဆိုင်ရာ အဖွဲ့အစည်းများကို အကျိုးဖြစ်ထွန်းစေမည့် လုပ်ဆောင်မှုများမှတဆင့် သင့်အား ကျွမ်းကျင်မှုတည်ဆောက်ရန် နှင့် အတွေ့အကြုံရရှိရန် အခွင့်အရေးပံ့ပိုးမည်။

Work for the Dole အစီအစဉ်ဖြင့် လုပ်ဆောင်မှုများကို အမြတ်အစွန်းမယူသော အသင်းအဖွဲ့များနှင့် လူမှုအဖွဲ့အစည်းဆိုင်ရာ အသင်းအဖွဲ့များ သို့မဟုတ် မြို့နယ်၊ ပြည်နယ်၊ ဒေသ သို့မဟုတ် ဩစတြေးလျား နိုင်ငံတော်အစိုးရ နှင့်ဆိုင်သော အစိုးရရုံးများနှင့် အခြားအဖွဲ့အစည်းများတွင် ရနိုင်သည်။

Work for the Dole အစီအစဉ်ဖြင့် လုပ်ဆောင်မှုများတွင် ပါဝင်လုပ်ဆောင်သူများကို သင့်လျော်ရာနှင့် ရရှိနိုင်သော နေရာများတွင် စနစ်တကျ အစီအစဉ်ရေးဆွဲထားသော လေ့ကျင့်မှုသင်တန်းပေးရမည်။

သင့်အနေနှင့် သင်၏ အခြားသော မဖြစ်မနေ လုပ်ဆောင်ရမည့် ကိစ္စရပ်များ၊ ဥပမာ၊ ပညာသင်ကြားခြင်း၊ အချိန်ပိုင်း သို့မဟုတ် ယာယီ အလုပ်လုပ်ခြင်း၊ သို့မဟုတ် မိဘဖြစ်သူအနေနှင့် တာဝန်ဝတ္တရားများကိုဆောင်ရွက်ခြင်း ကဲ့သို့သော ကိစ္စရပ်များအတွက်လည်း အဆင်ပြေသော အချိန်များကိုရွေးပြီး ဆောင်ရွက်နိုင်ပါသည်။

Work for the Dole အလုပ်လုပ်ရာတွင် အခြားသော အလုပ်ရှာဖွေသူများနှင့်အတူ အစုအဖွဲ့လိုက် လုပ်ဆောင်ရသော လုပ်ဆောင်မှုတွင်ပါဝင်ခြင်း၊ သို့မဟုတ် လက်ခံကူညီသည့် အဖွဲ့အစည်းတစ်ခုခုတွင် မိမိတစ်ဦးတည်း သီးသန့် အလုပ်လုပ်ရခြင်း (ဥပမာ၊ လူမှုအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ကုသိုလ်ဖြစ်လုပ်ငန်းတစ်ခုခုတွင်) ဖြစ်နိုင်သည်။

Work for the Dole အစီအစဉ်ဖြင့် လုပ်ဆောင်မှုတွင် ပါဝင်ရာ၌ အမျိုးအစားများ ကွာခြားနိုင်သော်လည်း အောက်ဖေါ်ပြပါ လုပ်ငန်းနေရာများတွင် ကျွမ်းကျင်မှု တိုးတက်လာစေနိုင်သည့် အခွင့်အလမ်းများ ရနိုင်ပါသည် -

- ကွန်ပြူတာဖြင့် အလုပ်လုပ်ခြင်း၊
- ရုံးလုပ်ငန်း သို့မဟုတ် အရောင်း၊
- ဝန်ဆောင်မှုယူသူများအတွက် ဆောင်ရွက်ပေးခြင်း၊
- မြေပြုပြင်ခြင်းနှင့် ဥယျာဉ်ပန်းမာလ် စိုက်ပျိုးခြင်း၊
- လက်သမား၊ ဆေးသုတ်၊ မွန်းမံပြင်ဆင်ခြင်း၊ သတ္တုဆိုင်ရာလုပ်ငန်း သို့မဟုတ် လျှပ်စစ်ဓါတ်အား စစ်ဆေးခြင်း၊
- မော်တော်ယာဉ်များနှင့် အဆောက်အဦများထိန်းသိမ်းခြင်း၊
- သမိုင်းဝင် အဆောက်အဦများနှင့် မော်တော်ယာဉ်များ ထိန်းသိမ်းခြင်း၊
- အစားအသောက်ပြင်ဆင်ခြင်း အပါအဝင် ဧည့်ကြိုလုပ်ငန်း၊
- သက်ကြီးရွယ်အိုများ၊ ကိုယ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ချို့တဲ့မှုရှိသူများ၊ သို့မဟုတ် ကလေးသူငယ်များ ကဲ့သို့သော လူမှုအဖွဲ့အစည်းဝင်များကို ကူညီခြင်း (အသက်အရွယ်ကြီးသူ၊ လူမမာ၊ မသန်မစွမ်းသူများကို ပြုစု စောင့်ရှောက်သည့် ဂေဟာများတွင် သို့မဟုတ် ကလေးငယ်များနှင့် အလုပ်လုပ်မည်ဆိုပါက ရဲတပ်ဖွဲ့မှ မှုခင်းကင်းရှင်းကြောင်း လက်မှတ်ရရန် လိုအပ်သည်။)
- မြို့နယ်သမိုင်းသို့ မှတ်တမ်းပြုစုခြင်း၊
- ဗီဒီယိုများ၊ ဝက်(ဘ်)ဆိုက်များ၊ သို့မဟုတ် ကြော်ငြာများ ပြုလုပ်ပေးခြင်း၊

ဩစတြေးလျားနိုင်ငံ အလုပ်ရှာဖွေရေး ဝန်ဆောင်မှု (Job Services Australia) ဝန်ဆောင်မှုပေးသူတစ်ဦးခြင်းအလိုက် အလုပ်အမျိုးအစားများ ကွာခြားနိုင်ပြီး အထက်တွင် ဖေါ်ပြထားသော ရွေးချယ်စရာအလုပ်များအပြင် နောက်ထပ် ထပ်မံရှိနိုင်ပါသည်။

Job Services Australia ဝန်ဆောင်မှုပေးသူများအနေနှင့် Work for the Dole အလုပ်လုပ်ခြင်းဖြင့်

- အလုပ်ရှာသူ အလုပ်ရရှိနိုင်မည့် အခွင့်အလမ်းများ ပိုမိုလာစေရမည်၊
- အလုပ်ရှာဖွေသူများကို သူတို့၏ လူမှုအဖွဲ့အစည်း၊ သူတို့၏ လုပ်ငန်းခွင်တို့နှင့် အဆင်ပြေစေအောင် အကူအညီ ဖြစ်စေရန်အတွက် ပြောင်းလွယ်ပြင်လွယ်ရှိသော လုပ်ငန်းခွင်အတွေ့အကြုံ ရှာဖွေခြင်းဆိုင်ရာ အခွင့်အလမ်းများ ပံ့ပိုးပေးရမည်၊
- ပါဝင်ဆောင်ရွက်သူအားလုံးကို သင့်လျော်ရာနှင့် အလုပ်ရနိုင်သည့်နေရာများတွင် အစီအစဉ်ချထားသော လေ့ကျင့်ရေး သင်တန်းများ ရနိုင်သည့် အခွင့်အလမ်းများပေးရမည်၊
- အလုပ်ရှာဖွေသူကို အဖွဲ့တစ်ခုအနေနှင့် လုပ်ဆောင်ခြင်း၊ ကြီးကြပ်သူတစ်ဦးမှ လမ်းညွှန်ပြသခြင်း၊ မည်သူ့အကူအညီမျှ မပါဘဲ လုပ်ဆောင်ခြင်း၊ ထိရောက်စွာဆက်သွယ်ခြင်းတို့တွင် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် စိတ်အားတက်ကြွမှုနှင့် ယုံကြည်အားထားရမှုတွင် တိုးတက်လာခြင်းတို့ဖြစ်စေမည့် လုပ်ငန်းခွင် အတွေ့အကြုံ ပံ့ပိုးပေးရမည်၊
- လူမှုအဖွဲ့အစည်းကို အကျိုးဖြစ်ထွန်းစေမည့် ရလဒ်များရရှိနိုင်သော လုပ်ဆောင်မှုများတွင်ပါဝင်ရန် မြို့နယ်ဆိုင်ရာ လူမှုအဖွဲ့အစည်းက ဆောင်ရွက်နေသည့် လုပ်ငန်းများကို ရှာဖွေပေးရမည်၊

## အချိန်ပြည့် Work for the Dole

အလုပ်ရှာသူတစ်ဦးအနေနှင့် သင်သည် Work for the Dole သို့မဟုတ် အချိန်ပြည့် Work for the Dole တွင် ပါဝင်နိုင်သည်။ ဤလုပ်ဆောင်မှုနှစ်မျိုးမှာ ဆင်တူကြပြီး သင် Work for the Dole သို့မဟုတ် အချိန်ပြည့် Work for the Dole မည်သည်ကိုလုပ်လုပ် အတူတူပင်ဖြစ်သည်။ အဓိကခြားနားချက်မှာ ပါဝင် ဆောင်ရွက်ရသော နာရီပမာဏ ဖြစ်ပါသည်။

အချိန်ပြည့် Work for the Dole သည် Work for the Dole လုပ်ဆောင်မှုကို ပိုမိုလေးနက်စွာ ဆောင်ရွက်ရခြင်းပင်ဖြစ်သည်။ ယေဘုယျအားဖြင့် အချိန်ပြည့် Work for the Dole လုပ်ဆောင်ခြင်းသည် တစ်ပါတ်လျှင် ၂၅ နာရီနှုန်းဖြင့် ၁၀ လကြာ လုပ်ဆောင်ရပြီး ပုံမှန်အားဖြင့် Work for the Dole လုပ်ဆောင်မှု တစ်မျိုးမက လုပ်ရသည်။

အကယ်၍သင်သည် အသက် ၁၈ နှစ်မှ ၅၉ နှစ်အတွင်းရှိပြီး သင်၏ Job Services Australia မှ ဝန်ဆောင်မှုပေးသူက ပိုမိုလေးနက်စွာ အလုပ်လုပ်ခြင်းဖြင့် သင်ပိုပြီး အကျိုးရှိမည်ဟုလည်း ယူဆလျှင် သင်သည် အချိန်ပြည့် Work for the Dole တွင် ပါဝင်လုပ်ဆောင်ရန် လိုအပ်သည်။

## မည်သူတွေ ပါဝင်ဆောင်ရွက်နိုင်သလဲ?

အကယ်၍သင်သည် Job Services Australia မှ ဝန်ဆောင်မှုပေးသူ တစ်ဦးဦးထံတွင် အလုပ်ရှာဖွေခြင်း မှတ်ပုံတင်ထားလျှင် သင်နှင့် ဝန်ဆောင်မှုပေးသူက သင့်အတွက် အကျိုးရှိမည်ဟု သဘောတူပါက အချိန်မရွေး Work for the Dole အလုပ်လုပ်နိုင်သည်။

အကယ်၍သင်သည် လုပ်ငန်းခွင် အတွေ့အကြုံရှာသည့် လုပ်ဆောင်မှုများအတွက် လိုအပ်ချက် (Work Experience Activity Requirement) ရှိပါက သင့်အနေနှင့် Work for the Dole တွင် ဝင်ရောက်လုပ်ကိုင်ခြင်းဖြင့် ၎င်း လိုအပ်ချက်ကို ဖြည့်ဆီးနိုင်သည်။

6FS09446JSA/burmese

အကယ်၍သင်သည် အလုပ်ကို ဖိဖိစီးစီးရှာဖွေနေခြင်း (Intensive Activity) သို့မဟုတ် လိုအပ်ချက်များအတိုင်း လိုက်နာ ဆောင်ရွက်နေရခြင်း (Compliance Activity) တို့ကို ပြီးစီးသည်အထိ ဆောင်ရွက်ရန်လိုအပ်ပါက သင့်အနေနှင့် Work for the Dole တွင် ဝင်ရောက်လုပ်ကိုင်ခြင်းဖြင့် ၎င်း လိုအပ်ချက်ကို ဖြည့်ဆီးနိုင်သည်။ အကယ်၍သင် Intensive Activity သို့မဟုတ် Compliance Activity တွင် ပြီးဆုံးအောင် ပါဝင် ဆောင်ရွက်ရန် လိုအပ်ပါက သင်၏ Job Services Australia မှ ဝန်ဆောင်မှုပေးသူက သင့်အား ပြောပါလိမ့်မည်။

အကယ်၍သင်သည် ထောက်ပံ့ကြေး ရရှိနေပြီး အချိန်ပြည့် Work for the Dole အပါအဝင် Work for the Dole တွင် ပါဝင်ဆောင်ရွက်နေပါက သင် ထိုသို့ပါဝင် ဆောင်ရွက်နေခြင်းအတွက် ကုန်ကျစရိတ် များတွင် ပံ့ပိုးရန် နှစ်ပါတ်တစ်ကြိမ် ၂၀. ၈၀ ဒေါ်လာ အပိုဆောင်းငွေ ရပိုင်ခွင့်ရှိသည်။

## လျှောက်ထားရန် နည်းလမ်း

အကယ်၍သင်သည် သင်၏ Work Experience Activity Requirement လိုအပ်ချက်အတွက် Work for the Dole လုပ်ဆောင်မှုတွင် ပါဝင်ရန် စိတ်ဝင်စားပါက သင်၏ Job Services Australia ဝန်ဆောင်မှုပေးသူနှင့် ဆွေးနွေးပါ။

## သင်၏ တာဝန်ဝတ္တရားများ

အကယ်၍သင်သည် ထောက်ပံ့ကြေးရရန် လိုအပ်ချက်များကို ဆောင်ရွက်ရသော Newstart, လူငယ်ထောက်ပံ့ကြေး (Youth Allowance) သို့မဟုတ် မိဘများကို ပေးသည့် ထောက်ပံ့ကြေး (Parenting Payment) ရရှိနေသူဖြစ်ပါက သင် အလုပ်ရှာရန်လိုအပ်ပြီး သင်အလုပ်ရရှိရေးအတွက် လုပ်ဆောင်ရန် လိုအပ်သည်များကို ပြုလုပ်ရမည် ဖြစ်သည်။

သင့်အား Job Services Australia ဝန်ဆောင်မှုပေးသူက သင်နှင့်ဆိုင်သော အချက်အလက်များကို စဉ်းစားပြီး သင်နှင့်ကိုက်ညီသော အလုပ်များကို သင်၏ အလုပ်လမ်းကြောင်းအစီအစဉ် (Employment Pathway Plan) ထဲတွင် ထည့်သွင်းရန် သင်နှင့် ညှိနှိုင်းဆွေးနွေးမည်။

အကယ်၍ သင်သည် မိမိပါဝင်လုပ်ဆောင်ရမည်များကို မလုပ်ဆောင်နိုင်ခဲ့လျှင် သင်၏ ဝန်ဆောင်မှုပေးသူနှင့် ဆွေးနွေးသင့်သည်။ အကယ်၍ သင်သဘောတူထားသည့် လုပ်ဆောင်ရမည်များကို လုပ်ဆောင်ရန် ပျက်ကွက်ပါက သင့်ထောက်ပံ့ကြေးများကို ထိခိုက်နိုင်ပါသည်။

## သင့် ကိုယ်ရေးကိုယ်တာ အချက်အလက်များ လုံခြုံမှု

သင့်ကိုယ်ရေးကိုယ်တာအချက်အလက်များကို *ကိုယ်ရေးကိုယ်တာအချက်အလက်များဆိုင်ရာ လုံခြုံမှု အက် ဥပဒေ ၁၉၈၈ (Privacy Act 1988)* ဖြင့် အကာအကွယ်ပေးထားပြီး သင့်အကြောင်းကိုလည်း *လူမှုဖူလုံရေးဆိုင်ရာ (အုပ်ချုပ်မှု) ဥပဒေ ၁၉၉၉ (Social Security (Administration) Act 1999)* ဖြင့် ကာကွယ်ထားနိုင်ပါသည်။ (ဥပမာ၊ သင် ဝင်ငွေဆိုင်ရာထောက်ပံ့ကြေး ရနေ၊ မနေ) သင် နှင့်ဆိုင်သောအချက်အလက်များကို သင့်လိုအပ်ချက်များအား အဖွဲ့အစည်းများမှ အသင့်တော်ဆုံး ဖြည့် ဆီးပေးနိုင်ရန်အတွက် Job Services Australia ဝန်ဆောင်မှုပေးသူများ၊ Department of Education, Employment and Workplace Relations (DEEWR), Centrelink နှင့် အခြားသော ဩစတြေးလျားနိုင်ငံ အစိုးရဌာနများ၊ အဖွဲ့အစည်းများနှင့် အချက်အလက်များ ဖလှယ် အသုံးပြုနိုင်သည်။

သင့်ကိုယ်ရေးကိုယ်တာ အချက်အလက်များဆိုင်ရာ လုံခြုံမှုနှင့်ပတ်သက်ပြီး ပိုမိုသိလိုပါက သင်၏ Job Services Australia ဝန်ဆောင်မှုပေးသူ သို့မဟုတ် DEEWR ကိုမေးပါ။ သို့မဟုတ် **privacy.gov.au** တွင် ဖတ်ကြည့်ပါ။

## ကျွန်ုပ်တို့၏ ဝန်ဆောင်မှုအတွက် အာမခံခြင်း

### ဝန်ဆောင်မှုအတွက် အာမခံခြင်း

သင့် တစ်ဦးခြင်းလိုအပ်ချက်နှင့် ကိုက်ညီသော ဝန်ဆောင်မှုကို သင့် Job Services Australia ဝန်ဆောင်မှုပေးသူထံမှ စဉ်ဆက်မပြတ် ရနေမည်ဖြစ်သည်။ ဤဝန်ဆောင်မှုများသည် သင့်လက်ရှိနှင့် နောက်ခံအခြေအနေကို အရေးထားပါသည်။ ဝန်ဆောင်မှုဆိုင်ရာ အာမခံခြင်းများအားလုံးကို သင့်အနေနှင့် ဖတ်ကြည့်လိုပါက **deewr.gov.au/jobservicesaustralia** တွင် ကြည့်ပါ။

### လုပ်ငန်းဆိုင်ရာကျင့်ဝတ်

Job Services Australia ဝန်ဆောင်မှုပေးသူများသည် ဩစတြေးလျားနိုင်ငံအစိုးရမှ ထောက်ပံ့သော အလုပ်အကိုင်ရှာဖွေရေးဆိုင်ရာ ဝန်ဆောင်မှုများကို ဆောင်ရွက်ရန် ကန်ထရိုက်ရထားသူများ ဖြစ်ကြပြီး အလုပ်အကိုင်ဆိုင်ရာ ဝန်ဆောင်မှုများ၏ လုပ်ငန်းဆိုင်ရာ ကျင့်ဝတ်များကို လိုက်နာရန်နှင့် ကျင့်သုံးရန် အတွက် သဘောတူထားကြသူများဖြစ်သည်။ လုပ်ငန်းဆိုင်ရာ ကျင့်ဝတ်များအကြောင်း ဖတ်ကြည့်လိုပါက **deewr.gov.au/jobservicesaustralia** တွင် ဖတ်ပါ။

## ပိုမိုသိလိုပါက

**13 17 64** ကို ဆက်သွယ်ပါ၊ သို့မဟုတ်
**deewr.gov.au/jobservicesaustralia** တွင် ဖတ်ပါ။